
# မင်းမြတ်သူရ

## နောက်ဆုံးတောရောက်



လျှို့ဝှက်ဆန်းကြယ် စာပေမှာ ယနေ့ နံပါတ် (၁) စာရေးဆရာ

# အခန်း (၁)

တစ်နေ့သ၌ လူကုံထံရပ်ကွက်အတွင်း ရှိ အိမ်ကြီးတစ်ဆောင်၌ လူကြီးတစ်ဦးသည် အိမ်၌ ခိုင်းစေထားသော မိန်းမပျိုလေးကို အိပ်ခန်း အတွင်း လှည့်ဖျားခေါ်ဆောင်ပြီး အဓမ္မပြုကျင့်ရန် ကြံစည်နေလေ၏။

မိန်းမပျိုသည် လူကြီးလက်မှ ရုန်းကန်ရင်း လက်ထဲရှိ ဖန်ခွက် လေးမှာ ကြမ်းပေါ်သို့ ခွမ်းခနဲ ကျကွဲလေ၏။ သူမသည် ခုတင် အနောက် သို့ ပြေးကာ မပေါ့်တပေါ် ဖြစ်နေသော အစိတ်အပိုင်းများ ကို လက်ဖြင့် ဖုံးဖိ၍

''မလုပ်ပါနဲ့ ဦးလေးရယ်၊ မသင့်တော် ပါဘူး၊ ခင်မကို သနား ပါရှင်''

ဟု တောင်းပန်ရှာ၏။ ထိုအခါ ကာမဘီလူးစီးနေသော လူကြီး သည် မိန်းမပျိုကို မျက်လုံးကျွတ်မတတ် စူးစိုက်ကြည့်၍

''မရတော့ဘူးခင်မ၊ ဦးလေးစိတ်တွေ ထိန်းလို့မရတော့ဘူး၊ ဖြစ်ချင်တာ ဖြစ် ရင်ဆိုင်တော့မယ်''

ဟုပြောရင်း ခင်မ၏ အနီးသို့ တရွေ့ရွေ့တိုးကပ်လာလေ၏။

ခင်မသည် ထိတ်လန့်လွန်းသဖြင့်

''တောင်းပန်ပါတယ် ဦးလေးရယ်၊ ချမ်းသာပေးပါရှင်၊ ရှိကြီး ခိုးပါရဲ့''

ဟုပြောရှာ၏။ သို့ သော် ကာမဘီလူးကြီးသည် မိန်းမပျို၏ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

''မင်းလေးကို ငါမရရင် ရူးတော့မယ်ကွ၊ ဒီနေ့ည မရရအောင် ယူရမယ်''

ဟုကြုံးဝါးပြီး ယုတ်မာရန် ကြိုးစား၏။ ခင်မသည် ပြေးစရာ နေရာ မရှိတော့သဖြင့် ခုတင်ပေါ်သို့ ခုန်လွှားပြီး ပြေးရန်ကြံလိုက်၏။

သို့ သော် ကာမဘီလူးကြီး၏ ချုပ်ကိုင်မှုကို ခံလိုက်ရပြီး ခုတင် ပေါ်သို့

ပက်လက်လန်ကျသွားလေ၏။

လူကြီးသည် မိန်းမပျိုကို စူးစိုက်ကြည့်၍

'' ဘာမှမစိုးရိမ်ပါနဲ့ကွယ်၊ အားလုံးအဆင်ပြေသွားမှာ ပါ ''

ဟု တီးတိုးပြောလိုက်လေ၏။

ထိုအခိုက်မှာ ပင် ငှင်းတို့အနီးမှ

'' ကဒ် ''

ဟူသော အသံကို ကြားရပြီး လက်ခုပ်သံများ ထွက်ပေါ်လာ၏။ ထိန်လင်းနေသော မီးများ လည်း မှိန်သွားလေ၏။

ထိုနေရာသည် ဘားမားစတား ရုပ်ရှင်ကုမ္ပဏီ၏ ရိုက်ကွင်း တစ်ခု ဖြစ်နေလေ၏။

ကာမဘီလူးကြီးအ ဖြစ် သရုပ်ဆောင်သူမှာ မင်းသားကြီးဘချစ် ဖြစ်၏။ အိမ်စေအ ဖြစ် သရုပ်ဆောင်သူမှာ မင်းသမီးချော မေသန်း ဖြစ်၏။

ထိုကား၏ ဒါရိုက်တာမောင်မောင်စိုးသည် မင်းသားကြီးဘချစ် အနီးသို့ ရောက်လာပြီး လက်ဆွဲနှုတ်ဆက်ကာ

'' သိပ်ကောင်းတယ် ကိုဘချစ်၊ ကျုပ်လိုချင်တာနဲ့ ကွက်တိ ပဲ''

ဟု ချီးမွမ်းလေ၏။ ထိုအခါ အိမ်စေမလေးအ ဖြစ် သရုပ်ဆောင် သော မင်းသမီး မေသန်းက ကိုဘချစ်ကို ပြုံတီတီကြည့်၍

'' ပီပြင်လွန်းလို့ တကယ် ဖြစ်နေပြီထင်ပြီး မေသန်း ရင်ခုန်နေ တာရှင့် ''

ဟုပြောလိုက်ရာ ဒါရိုက်တာမောင်မောင်စိုးက ရယ်မော၍

'' မင်းသားကြီးက ဒီလိုအခန်းမျိုးဆို သိပ်ပြီးပီပြင်တယ်၊ အပြင်မှာ အတွေ့ အကြုံရှိတယ်နဲ့တူတယ် ''

ဟု နောက်ပြောင်လိုက်ရာ မင်းသားကြီးဘချစ်က တဟဲဟဲ ရယ်မော၍

'' ဟေ့လူတွေ ၊ ခင်ဗျားတို့ ကျုပ်ကို ချီးမွမ်းနေတာလား၊ ကဲ့ရဲ့နေတာလား၊ ကျုပ်ရဲ့လေဒီ ကြားသွားရင် ပြဿနာတွေ တက် ကုန်လိမ့်မယ် ''

ဟုပြောရင်း အခန်းထောင့်ရှိ ကြိမ်ကုလားထိုင်၌ ထိုင်နေသော သူ၏ ဇနီး ခင်မေရီကို လှမ်းကြည့်လိုက်လေ၏ ။

ခင်မေရီသည် အံကိုကြိတ်ပြီး သူတို့ဝိုင်းရှိရာသို့ လှမ်းကြည့် လိုက်သဖြင့် မင်းသားကိုဘချစ်သည် မျက်နှာပိုးသပ်လိုက်လေ၏ ။

အပြန်လမ်းသို့ ရောက်သော အခါ ခင်မေရီက ယောကျ်ား ဖြစ်သူ အား မကျေမချမ်း အပြစ်တင်လေ၏ ။

'' ဒီမှာ ကိုဘချစ်၊ ကိုယ့်အသက်ကို ကိုယ်ပြန်ကြည့်ဦး၊ ဘာ ဖြစ်လို့ မေသန်းနဲ့ အနေအထိုင် မဆင်ခြင်ရတာ လဲ ''

မင်းသား ကိုဘချစ်က မျက်မှောင်ကြုတ်၍

'' ကိုယ်ဘာတွေ ဖြစ်နေလို့လဲမေရီရဲ့၊ ဒါဟာ လုပ်ငန်း သဘော ပဲ ''

ဟုပြောလေ၏ ။ ခင်မေရီက နှုတ်ခမ်းစူ၍

'' အရုပ်ပျက်မ မေသန်းဟာ ယောကျ်ားတကာနဲ့ ဖြစ်နေတာ ရှင့်၊ ဒီကောင်မလောက် အကျင့်ပျက်တာ ရုပ်ရှင်လောကမှာ မရှိဘူး၊ ရှင့်လိုလူက ဒီကောင်မနဲ့ မထိလေးစား စကားလုပ်ရမဲ့အရွယ် မဟုတ်ဘူး၊ ရှင့်မှာ ကားကောင်းကောင်းတစ်ကား ရိုက်ဖို့အရေး ကြီး နေပြီ ''

ဟုပြောလေ၏ ။ မင်းသားကြီးဘချစ်သည် ဇနီး ဖြစ်သူ၏ စကား ကြောင့် သူ၏ အသက်အရွယ်ကို သတိရလိုက်၏ ။

သူ့အသက် လေးဆယ်ကျော်ပြီး ငါးဆယ်နားသို့ နီးခဲ့ပေပြီ။

ဟိုးအရင်ကလို ဆယ်ကျော်သက် မိန်းကလေးများ တမ်းတမ်းစွဲ သော ရုပ်ရည်မျိုးမဟုတ်ချေ။

ငယ်စဉ်က မင်းသားကြီးဘချစ် ချောမောလှပသော ရုပ်ရည် ကြောင့် မိန်းမများ အစွဲကြီးစွဲကာ ရုပ်ရှင်လောကမှာ ကျော်ကြား အောင်မြင်ခဲ့၏ ။

*

မင်းသားဘချစ်ဆိုပြီး ရုပ်ရှင်လောကမှာ ဟိုးဟိုးကျော်ခဲ့၏ ။

သို့ သော် ဒီလိုအောင်မြင်မှုမျိုးကို လွယ်လွယ်ရခဲ့သည်တော့ မဟုတ်။

သူငယ်စဉ် ရွာမှာ အလွန် ဆင်းရဲနွမ်းပါးလှသဖြင့် ဘကြီးဘုန်း ကြီးက မွေးမြူခဲ့ရ၏ ။

ဘချစ် လူပျိုပေါက်အရွယ်ကို ရောက်တော့ သူတို့ရွာမှာ အငြိမ့် ကဖို့ ရောက်လာသည့် အငြိမ့်မင်းသမီး ခင်လှကြည်က ဘချစ်ရုပ်ရည် ကို သဘောကျကာ ဘကြီးဘုန်းကြီးထံမှာ မွေးစားဖို့တောင်း၏ ။

ဘကြီးဘုန်းကြီးက ဘချစ်၏ ဆန္ဒကို မေးမြန်းပြီး ခင်လှကြည် ထံသို့ ထည့်လိုက်၏ ။

ခင်လှကြည်က ဘချစ်ကို မောင်နှမလို သဘောထား၍ မွေးစား ခဲ့သည်တော့မဟုတ်။ သူမ၏ တိတ်တိတ်ပုန်း လင်အ ဖြစ် အသုံးချရန် မွေးစားခဲ့ခြင်း ဖြစ်၏ ။

ထိုအချိန်က အငြိမ့်မင်းသမီးခင်လှကြည်သည် အငြိမ့်ထောင် ဆရာတစ်ယောက်နှင့် ကွာရှင်းခဲ့ပြီး လွတ်လပ်နေချိန် ဖြစ်၏ ။

ခင်လှကြည်သည် သူမအနီး၌ ယောကျ်ားတစ်ယောက်မရှိလျှင်

ထမင်းစားဝင်သူမဟုတ်။

ခင်လှကြည်သည် ရုပ်ရည်အတော် အသင့်ရှိသော် လည်း ယောက်ျားများ ကို အချိန်ပြည့် အပြစ်ရှာနေတတ်သဖြင့် သူမ၏ အနီး၌ မည်သည့်ယောက်ျားမျှ အကြာကြီးမနေ။

ခင်လှကြည်သည် ဘချစ်ကို မြို့သို့ ခေါ်ဆောင်သွားပြီး ဝတ်ကောင်းစားလှများ ဝတ်ဆင်ပေး၏ ။

ဘချစ်သည်မိမိတစ်သက်တွင် အိမ်မက်ပင်မမက်ဘူးသော လက်ပက်နာရီ၊ ရွှေကြယ်သီး၊ ဘန်ကောက်လုံချည် တို့ကိုဝတ်ကာ သဘောကျခဲ့၏ ။ ခင်လှကြည်ထံမှ အတွေ အကြုံမျိုးစုံကို သင်ယူ ပြီးသည့်နောက် ခင်လှကြည်နှင့် အတွေ့ နောက်ကျလေခြင်းဟု ထင်မိ၏ ။

မိမိဘဝပြောင်းလဲကြီး ပြောင်းလဲကာ အရှင်လတ်လတ် နတ်ပြည်ရောက်ပြီဟုယူဆ၏ ။

သို့ သော် အရာရာကို ငြီးငွေ့လွယ်တတ်သော ဘချစ်၏ စရိုက်အတိုင်း မိမိထက်အသက်ကြီးသော ခင်လှကြည်ကို လအနည်း ငယ်အတွင်း ငြီးငွေ့လေ၏ ။

အငြိမ့်အဖွဲ့မှ လူရွှင်တော် များ ၏ မြှောက်ထိုးပင့်ကော်မှုကြောင့် ရုပ်ရှင်မင်းသားလုပ်ချင်လာ၏ ။ ဘချစ်သည် အငြိမ့်အဖွဲ့ရောက်လေရာ အရပ်များ ၌ ရုပ်ရှင်ကားများ ကို မလွတ်တမ်းကြည့်၏ ။

ထိုသို့ ကြည့်ရှုရင်း ရုပ်ရှင်မင်းသားများ အားလုံး မိမိလောက် ရုပ်ရည်ချောမောလှပခြင်းမရှိဟု ထင်မြင်၏ ။ မိမိသာ ရုပ်ရှင်လောကသို့ ဝင်ရောက်သွားလျှင် အားလုံးကို ကျော်ဖြတ်သွားမည် ဟု ယူဆ၏ ။ ထိုကြောင့် ခင်လှကြည် မသိအောင် ရန်ကုန်မြို့သို့ အရဲစွန့်ပြီး ထွက်ခဲ့၏ ။

ဘချစ်၌ ခင်လှကြည်ထံမှ ခိုးယူလာသော ငွေစအနည်းငယ်ပါ ရှိ၏ ။

သူသည် ရန်ကုန်မြို့သို့ ရောက်သော အခါ မိမိ၌ ပါရှိသော ရွှေကြယ်သီးများ ကို ထုခွဲ၍ အလုံဘက်၌ အိမ်ခန်းတစ်ခန်းကို ငှါးရမ်း လိုက်၏ ။

ပြီးနောက်တွင် မူ ရုပ်ရှင်လောကသို့ ဝင်ရောက်ရန် အဆက် အသွယ်ကို ရှာလေ၏ ။

ဘချစ်သည် မိမိ၏ ချောမောလှပသော ရုပ်ရည်ကို အားကိုး၍ ရန်ကုန်မြို့သို့ ထင်တစ်လုံးနှင့် ထွက်ခဲ့ခြင်း ဖြစ်၏ ။

လက်တွေ့ ဘဝတွင် မူ မိမိကဲ့သို့ တောသားတစ်ယောက်ကို မည် သူမျှ လိုလိုချင်ချင် အကူအညီပေးမည့်သူမရှိ။

တစ်နေ့တွင် ဘချစ်သည် ကြည်မြင်တိုင်ဘက်ရှိ အရက်ဆိုင် တစ်ဆိုင်၌ ရုပ်ရှင်လူကြမ်းများ ဖြင့် သိကျွမ်းပြီး လူကြမ်းများ က မင်းသားရူးရူးနေသော တောသူဌေးဟုယူဆကာညာဝါးစားသောက်၏ ။

ဘချစ်သည် လူလည်တစ်ဦး ဖြစ်၍ လူကြမ်းများ ညာဝါး စား သောက်ခြင်းကို သဘောပေါက်သော် လည်း မသိဟန်ဆောင် ပြီးနေ၏ ။

လူကြမ်းများ နှင့် ရုပ်ရှင်ခြံကြီးထဲသို့ လိုက်ပါရန် အခွင့်အရေး ကို စောင့်မျှော်နေခဲ့၏ ။ တစ်နေ့တွင် လူကြမ်းများ က ဘချစ်အား ယူနီဘာဆယ် ရုပ်ရှင်ခြံသို့ ခေါ်ဆောင်သွား၏ ။

ရုပ်ရှင်ခြံသို့ ရောက်သော နေ့မှာ ပင် ကုမ္ပဏီသူဌေး၏ တူမ မနှင်းဆီနှင့် ရင်းနှီးခဲ့ရ၏ ။ မနှင်းဆီသည် ရုပ်ရည်လှပခြင်းမရှိဘဲ သာမာန်ရွက်ကြမ်းရည်ကြို ရုပ်ရည်သာရှိ၏ ။

ဘချစ်သည် သူ၏ ချောမောလှပသော ရုပ်ရည်ကို အသုံးချ၍ မနှင်းဆီကို သွားရောက်မိတ်ဖွဲ့လေ၏ ။

မနှင်းဆီသည် ဘချစ်ကို မြင်မြင်ချင်း အလွန် ချောမောလှပ သော

ထိုယောက်ျားမှာ တစ်နေ့ရုပ်ရှင်လောကမှာ ဟိုးဟိုးကျော်မည် ဟု ယူဆ၏ ။

ဘချစ်က မနှင်းဆီကို ရွှန်းရွှန်းစားစားကြည့်ကာ

'' ကျွန်တော် မင်းသားလုပ်ချင်လို့ပါ ကူညီပါဗျာ ''

ဟု ပြောလိုက်၏ ။ မနှင်းဆီသည် ဘချစ်၏ ညှို့မျက်လုံးများ ကို မခံနိုင်ဘဲ ဦးလေး ဖြစ်သူ ယူနီဘာဆယ်သူဌေး ဦးဘလေးထံသို့ သွား ရောက်တိုက်တွန်း၏ ။

ဦးဘလေးထံမှ မီးစိမ်းပြသော အခါ ဘချစ်ကို ယူနီဘာဆယ် ခြံသို့ ခေါ်၍ ဓါတ်ပုံဆရာများ နှင့် ဓါတ်ပုံအမျိုးမျိုး ရိုက်ကူး၏ ။ မနှင်းဆီသည် ဓါတ်ပုံဆရာများ ရိုက်ကူးထားသော ပုံများ ကို နှစ် သက်ခြင်းမရှိသဖြင့် ဘချစ်ကို သံလျင်ဘက်သို့ ခေါ်ကာ သူမကိုယ် တိုင် ဓါတ်ပုံများ ရိုက်ကူး၏ ။

မနှင်းဆီ၏ စိတ်ကူးသည် အလွန် ရိုးသားသော် လည်း ဆန်းကြယ် ၏ ။ သူတစ်ပါးမင်းသားများ အပုံစားပြင်ဆင်၍ ရိုက်ကူးနေချိန်၌ ဘချစ်အား သက္ကလပ်ဘောင်းဘီနှင့် သက္ကလပ်ဦးထုပ်ကို ဆောင်းကာ အပေါ်ပိုင်း ဗလာကျင်းပြီး ရိုက်ကူး စေ၏ ။

ဤမျှ ကိုယ်ဟန်လှပသော ယောက်ျားကို မကြိုက်သူမရှိဟု ထင်၏ ။ ဘချစ်ကို ကောက်ရိုးပုံနောက်ခံထား၍ ငြူတုတု မျက်နှာပေး ဖြင့် ရိုက်ကူး၏ ။

ဘချစ်သည် မိမိ၏ ရုပ်ပုံများ ကို စိတ်တိုင်းကျရိုက်ကူးနေသော မနှင်းဆီကို ကြည့်ပြီး မရိုးမသားစိတ်များ ဖြစ်ပေါ်လာခဲ့၏ ။ ဘချစ် သည် မိန်းမမှန်လျှင် မိမိကို ကြိုက်ရမည် ဟူသော ယုံကြည်မှုရှိ၏ ။

ထို့ကြောင့် ကောက်ရိုးပုံအနောက်သို့ သွားပြီး မနှင်းဆီကို ရုတ် တရက် ပွေ့ဖက်ကာ

'' မနှင်းဆီ သိပ်ချစ်ဖို့ ကောင်းတယ်''

ဟုပြောလိုက်လေ၏။ မနှင်းဆီသည် ဘချစ်၏ အပြုအမူ ကြောင့် ရင်ခုန်နှုန်းများ မြန်ဆန်လာပြီး ရှန်းကန်ရန်ကြိုးစား၏။ သို့ သော် ဘချစ်က ပွေ့ဖက်လိုက်သော အခါ ခွန်အားမရှိသလို ဖြစ် သွား၏။

ထိုနေ့က မနှင်းဆီသည် ဓါတ်ပုံမရိုက် ဖြစ်တော့ဘဲ ကောက်ရိုးပုံ နောက်၌ ဘချစ်နှင့်နေထိုင်လေ၏။

သံလျှင်မှအပြန်လမ်း၌ မနှင်းဆီသည် ပင်ပန်းနွမ်းနယ်နေပြီး

'' ကျွန်မတို့အ ဖြစ်က မြန်ဆန်လွန်းတယ် ''

ဟု တီးတိုးပြောလေရာ ဘချစ်က ဟက်ဟက်ပက်ပက် ရယ် မော၍

'' ကျုပ်ကတော့ အများ ကြီးနောက်ကျနေပြီထင်နေတယ် ''

ဟုပြောလေ၏။

ဘချစ်သည် မနှင်းဆီကို အလေးအနက်မထားဘဲ ရုပ်ရှင် မင်းသား ဖြစ်ရေး အတွက် အသုံးချခြင်းသာ ဖြစ်၏။

သို့ သော် မနှင်းဆီသည် ယခုအရွယ်ထိ တစ်ကြိမ်တစ်ခါမျှပင် ချစ်သူရည်းစားမထားဘူးသော အပျိုစင်မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း အံ့သြဖွယ်သိရ၏။

မနှင်းဆီသည် ဘချစ်ကို တစ်ဟုန်ထိုး အောင်မြင်ကျော်ကြား အောင် ပြုလုပ်နိုင်ခဲ့၏။ သူမသည် ဘချစ်၏ အကောင်းဆုံးဓာတ်ပုံများ ကို မြန်မာ့အလင်း၊ သံတော် ဆင့် စသော သတင်းစာများ ၌ 'ဘချစ်ဆို တာ ဘယ်သူလဲ' ဟူသော မေးခွန်းဖြင့် ထည့်သွင်းခဲ့လေရာ ဘချစ်ကို စိတ်ဝင်စားသူများ တစ်ဟုန်ထိုး ထွက်ပေါ်လာ၏။

ဘချစ်ကို ရုပ်ရှင်ရိုက်လို၍ ကမ်းလှမ်းသော ကုမ္ပဏီများ ၏ ဖုန်းသံများ တဂွမ်ဂွမ်မြည်လာ၏။

မနှင်းဆီသည် ဘချစ်နှင့် အလိုက်ဘက်ဆုံး ဇာတ်ညွှန်းတစ်ပုဒ် ကို မိမိကိုယ်တိုင် ရေး ၍ ယူနီဘာဆယ်ကုမ္ပဏီ၏ အကျော်ကြားဆုံး ဒါရိုက်တာဖြင့် ရိုက်ကူးစေ၏ ။

ထိုကား အောင်မြင်သွားသော အခါ အခြားကုမ္ပဏီများ မှ အကောင်းဆုံးဇာတ်ကားသုံးကားကို လက်ခံရိုက်ကူးစေ၏ ။ ထို ဇာတ်ကားများ အောင်မြင်ပြန်သော အခါ ဘချစ်သည် ထိပ်တန်း မင်းသားတစ်လက် ဖြစ်သွားလေ၏ ။

ဘချစ်သည် မိမိထိပ်တန်းမင်းသားတစ်လက် ဖြစ်သော အခါ ကျေးဇူးရှင် မနှင်းဆီကို ဂရုစိုက်ခြင်းမရှိတော့ချေ။ မနှင်းဆီထက် ချောမောလှပသော မိန်းကလေးများ သူ့အနီး၌ ဝိုင်းဝိုင်းလည်နေ၏ ။

ပဲခူးဘက်ရှိ ဆေးလိပ်ခုံပိုင်ရှင်မိန်းကလေးတစ်ယောက်ကို လက်ထပ်ယူလိုက်သော အခါ မနှင်းဆီသည် ရှိုက်ကြီးတစ်ငင် ငိုကြွေး လေ၏ ။ ဘချစ်နှင့် ယူနီဘာဆယ်ကုမ္ပဏီလည်း ရန်ဖက် ဖြစ်ခဲ့၏ ။

ဘချစ်သည် ဆေးလိပ်ခုံပိုင်ရှင် မိန်းခလေးနှင့် အိမ်ထောင်သက် (၂)နှစ် သာ ပေါင်းသင်းပြီး မန္တလေးမြို့မှ ပိုးထည်တိုက်ပိုင်ရှင် မိန်း ကလေးနှင့် ပေါင်းဖက်ပြန်၏ ။

ထိုမိန်းကလေးနှင့်လည်း အိမ်ထောင်သက် (၃)နှစ် ပေါင်း သင်းပြီး ကွဲကွာပြန်၏ ။ မည် သို့ ပင် ဖြစ်စေ ဘချစ်သည် ရုပ်ရည်ချော မောလှပပြီး မိန်မများ ဝိုင်းဝိုင်းလည်နေသဖြင့် မိန်းမများ အကြိုက် အချစ်အလွမ်းကားများ ၌ အထူးအောင်မြင်ခဲ့၏ ။

ဘချစ်အောင်မြင်နေသရွေ့ သူလုပ်သမျှ အရာရာမှန်ကန်နေ လေ၏ ။ ဥစ္စာစီးပွားများ ဒီရေအလား တိုးတက်ခဲ့၏ ။

သို့ သော် ဘချစ်အသက် လေးဆယ်ကျော် အရွယ် ငါးဆယ်

နီးလာသော အခါ သူ၏ ချောမောလှပသော ရုပ်ရည်ကို မက်မောသော မိန်းကလေး ပရိသတ်များ လျော့ပါးလာ၏ ။

ဘချစ်သည် အောင်မြင်မှုများ ၌ သာယာနေပြီ ဖြစ်သဖြင့် ဆုံးရှုံးမှုဒါဏ်ကို မခံနိုင်ဘဲ အရက်ကို အဖော်ပြုခဲ့၏ ။

ထိုအချိန်၌ သူဌေးသမီး ခင်မေရီနှင့်ဆုံတွေ့ ခဲ့၏ ။ ခင်မေရီသည် အသက်သုံးဆယ်အရွယ်သာရှိပြီး ဘချစ်ထက် အသက်နှစ် ဆယ်နီးပါး ငယ်ရွယ်၏ ။

ခင်မေရီသည် ဘချစ်ထက် အသက်အရွယ်ငယ်သော်လည်း ရင့်ကျက်သော စိတ်ဓါတ်ရှိ၏ ။ အရက်ကျွန် ဖြစ်လုနီးပါး ဖြစ်နေသော ဘချစ်ကို စိတ်အားတက်ကြွအောင် ပြန်လည်ပြုပြင်ပေးခဲ့၏ ။

ဘချစ်သည် ရုပ်ရှင်ကားများ ကို ကြိုးစားပမ်းစား ပြန်လည် ရိုက်ကူးသော အခါ ကံကောင်းထောက်မ၍ သူ၏ ဇာတ်ကားများ အခြေအနေပြန်လည်ကောင်းမွန်ခဲ့၏ ။

ဘချစ်နှင့် ခင်မေရီ၏ အိမ်ထောင်ရေး မှာ လည်း ပြေလည်ခဲ့၏ ။ ဘချစ်သည် အသက်အရွယ်ထောက်လာသဖြင့် ယခင်လိုသော ငါးကျန်း လိုစိတ်များ လျော့ပါးသွားလေ၏ ။ ထို့ကြောင့် သူတို့အိမ်ထောင်ရေး တည်ငြိမ်အေးချမ်းသော အခြေအနေရှိနေ၏ ။

*

## အခန်း (၂)

ထိုအချိန်၌ ဘချစ်ကြောင့် အသဲကွဲခဲ့ရသော မနှင်းဆီသည် ရုပ်ရှင်လောက၌ အင်အားကြီးမားသော အခြေအနေသို့ ရောက်ရှိနေ၏ ။

မနှင်းဆီသည် ဘချစ်၏ ရက်စက်မှုကြောင့် စိတ်ဆင်းရဲသော ကြောင့် ရုပ်ရှင်လောကမှ နှစ် အနည်းငယ် ပျောက်ကွယ်သွားလေ၏ ။

ပြီးနောက် ရုပ်ရှင်လောကသို့ ပြန်လည်ဝင်ရောက်လာပြီး အလွန် ပြောင်မြောက်သော ဇာတ်ညွှန်းများ ကို ရေး ဖွဲ့ခဲ့လေသည်။ သူမရေး သားသမျှ ဇာတ်ညွှန်းများ အားလုံးလိုလို အောင်မြင်၏ ။

သူမ၏ ဦးလေးပိုင် ယူနီဘာဆယ်ကုမ္ပဏီမှ ရိုက်ကူးပြီး အောင်မြင်သော ဇာတ်ကားများ အားလုံးလိုလိုပင် မနှင်းဆီ၏ ဇာတ် ညွှန်းများ ပင် ဖြစ်၏ ။

မနှင်းဆီသည် ယူနီဘာဆယ်ရုပ်ရှင်ကုမ္ပဏီအတွက်သာ ဇာတ် ညွှန်းများ ရေး သားသဖြင့် ယူနီဘာဆယ်နှင့် မနှင်းဆီကို ခွဲခြား မရသလို ဖြစ်လာလေ၏ ။

ထိုအချိန်၌ ယူနီဘာဆယ်ကုမ္ပဏီမှာ လည်း အခြားသော ဘားမားစတား၊ ဗြိတိသျှစတား စသော ရုပ်ရှင်ကုမ္ပဏီများ ကို ကျော် ဖြတ်၍ အကြီးဆုံး ရုပ်ရှင်ကုမ္ပဏီကြီး ဖြစ်လာ၏ ။

ယူနီဘာဆယ်ကုမ္ပဏီ၏ ရုပ်ရှင်ခြံကြီးကိုကုက္ကိုင်းဘက်ရှိ ဧကများ စွာရှိသော ခြံကျယ်ကြီး၌ ခမ်းနားစွာ တည်ဆောက်ထား၏ ။

မနှင်းဆီသည် ဘချစ်ကို စိတ်နာလွန်းသဖြင့် ရုပ်ရှင်လောက တစ်လောကတည်း၌ ကျင်လည်နေသော် လည်း တတ်နိုင်သမျှ မပတ် သက်အောင်နေ၏ ။

ဘချစ်ပါဝင်သော ဇာတ်ကားများ ကန်တော့ပွဲပေးသည့် အခမ်း အနားတိုင်း မနှင်းဆီ ဘယ်တော့မှ မသွားခဲ့ချေ။

မနှင်းဆီသည် အိမ်ရာထူထောင်ခြင်းလည်း မရှိတော့ချေ။

*

မြေလတ်ပိုင်း မြို့ကလေးတစ်မြို့၌ မွေးစားသားက သား အရင်းနှင့် သမီးအရင်းကို ရက်ရက်စက်စက် သတ်ဖြတ်သွားသည့် သတင်းသည် တောမီးကဲ့သို့ ပျံ့နှံ့သွားလေ၏ ။

မြို့ခံပုလိပ်များ သည် နှစ် လောင်းပြိုင်လူသတ်မှုတရားခံ နောက်သို့ အပူတပြင်း လိုက်လံရှာဖွေလေ၏ ။

သို့ သော် တရားခံ၏ အရိပ်အယောင်ပင် မမြင်ရတော့သဖြင့် တရားခံ မြို့ပေါ်၌ မရှိတော့ဟု ယူဆလိုက်၏ ။

အနီးအနားမြို့များ ရှိ ပုလိပ်ဌာနများ သို့ တရားခံ၏ သတင်းကို ဖြန့်ဝေလိုက်၏ ။

ထိုအခိုက်မှာ ပင် မြို့ပေါ်သို့ မမျှော်လင့်ဘဲ ရောက်ရှိနေသော သံတော်ဆင့်သတင်းစာမှ သတင်းထောက်သည် နှစ် လောင်းပြိုင်လူ သတ်မှုသတင်းကို ဝေဝေဆာဆာ ဖော်ပြလိုက်သော အခါ တစ်နိုင်ငံလုံး ဟိုးဟိုးကျော်သွားလေ၏ ။

ထိုလူသတ်မှုကို စုံစမ်းရန် အင်းစိန်စီအိုင်ဒီမှ စုံထောက် ကျော်များ ဖြစ်ကြသော ဦးပေါ်ဦးနှင့် ဦးအောင်လှတို့ မြို့သို့ ရောက် ရှိလာ၏ ။

အင်းစိန် စီအိုင်ဒီမှ စုံထောက်များ သည် ဒေသခံပုလိပ်များ ထံမှ လူသတ်မှုနှင့်ပတ်သက်သည့် အချက်အလက်များ ကို ရှာဖွေကြ၏ ။ ဒေသခံပုလိပ်များ သည် အလွန် ညံ့ဖျင်းပြီး သူတို့နယ်မြေ၌ နှစ် လောင်း ပြိုင် လူသတ်မှု ဖြစ်ပြီး တစ်နိုင်ငံလုံးသို့ ဟိုးဟိုးကျော်သွားခြင်းကို အလွန် မကျေမချမ်း

ဖြစ်နေ၏။

ဌာနအုပ် လူဝကြီးသည် သံတော် ဆင့်သတင်းစာမှ သတင်း ထောက်ကိုသာ ဆဲဆိုနေလေ၏။

စီအိုင်ဒီမှ စုံထောက်အရာရှိ ဦးပေါ်ဦးက

'' ခင်ဗျားတို့ စုံစမ်းထားတဲ့ အချက်အလက်တွေ က ဘာတစ်ခု မှ သုံးစားလို့မရပါလား၊ အိမ်ရှင်အဘွားကြီး သေဆုံးပြီးတော့ မွေးစား သားနှင့် သားအရင်း သမီးအရင်း နှစ် ယောက်ကျန်ခဲ့တယ်၊ အိမ်ရှင် အဘွားကြီးရဲ့ အသုဘ ရက်လည်ပြီး နောက်နေ့မှာ အဘွားကြီးရဲ့ သားအရင်းနဲ့ သမီးအရင်း သေဆုံးခဲ့တယ်၊ လူသတ်မှု တရားခံလို့ သံသယရှိသူက မွေးစားသား ဖြစ်နေတယ် ''

ဟုပြောလေ၏။ ပုလိပ်လူဝကြီးက ခေါင်းညိတ်၍

'' ဒီကောင်ဟာ လူသတ်သမား ဖြစ်မှာ သေချာပါတယ် ''

ဟုပြော၏။ စီအိုင်ဒီမှ စုံထောက်ဦးပေါ်ဦးက

'' မွေးစားသားကောင်လေးဟာ တရားခံမဟုတ်ဘဲ ပျောက်နေ တာ မ ဖြစ်နိုင်ဘူးလား ''

ဟု ပြောလေ၏။ ဦးပေါ်ဦး၏ စကားကြောင့် ဌာနအုပ်လူဝကြီး သည် ငူငိုင်ငိုင် ဖြစ်သွားပြီး ခေါင်းခါယမ်းကာ

'' မ ဖြစ်နိုင်ပါဘူး၊ ဒီကောင်ဟာ လူသတ်သမား ဖြစ်မှာ သေချာ ပါတယ်၊ သူ့နာမည် က မိုက်ခဲတဲ့၊ နံမည် နဲ့လိုက်အောင် ရက်စက်မှာ သေချာပါတယ် ''

ဟု ဌာနအုပ်ကြီး၏ စကားကို နားထောင်၍ စီအိုင်ဒီမှ စုံထောက် ဦးအောင်လှက

'' မိုက်ခဲက ဘယ်လို စရိုက်သဘာဝ မျိုးရှိသလဲ၊ မြို့ပေါ်မှာ သူနဲ့ ပေါင်းသင်းတဲ့ လူရှိရင် သိချင်တယ် ''

ဟုမေးမြန်းလေ၏။ ဠာနအုပ်ကြီးက သက်ပြင်းချ၍

"မိုက်ခဲဆိုတဲ့ကောင်က အူကြောင်ကြောင် ကောင်ဗျ၊ မြို့ပေါ်မှာ သူနဲ့ ရင်းရင်းနှီးနှီး ပေါင်းတဲ့သူမရှိဘူး၊ သူဟာ များ သော အားဖြင့် တစ်ကိုယ်တည်း အထီးကျန်နေတတ်တယ်၊ လူတွေ နဲ့ ရောရောနှောနှော လဲ မနေတတ်ဘူး၊ မိုက်ခဲရဲ့စရိုက်ဟာ ရွယ်တူယောက်ျားလေးတွေ နဲ့ လုံးဝ မတူဘူး၊ သူဟာ ဆန့်ကျင်ဘက် မိန်းမတွေ နဲ့လဲ မပေါင်းသင်းဘူး၊ မြို့ပေါ်မှာ ဘုရားပွဲရှိရင်တောင် မသွားတတ်ဘူး "

ဟု ပြောလေရာ ဦးပေါ်ဦးက ဝင်ရောက်၍

" သူ ဘာကိုဝါသနာပါသလဲ "

ဟု မေးမြန်းလေ၏။ ဠာနအုပ်ကြီးက ခေါင်းကုတ်၍

" မိုက်ခဲဟာ ဘာဝါသနာမှ မပါဘူး၊ လူတွေ နဲ့ မပေါင်းသလို လူကြားသွားရမဲ့အလုပ်ကိုလဲ သူမလုပ်ဘူး၊ ဒါပေမယ့် မိုက်ခဲရဲ့ ငယ်စဉ်ဘဝက ကြမ်းတမ်းခက်ထန်မှာ သေချာတယ်၊ မွေးစားမိခင် ဟာ သားအရင်း သမီးအရင်းရှိတဲ့အတွက် မိုက်ခဲကို အလွန် အကျွံ အလိုမလိုက်ဘူး၊ သေဆုံးသွားတဲ့ လူငယ်နှစ် ယောက်ဟာ ဘယ်တော့မှ မိုက်ခဲနဲ့ အဆင်မပြေဘူး၊ သူတို့ဟာ မိုက်ခဲကို ငယ်စဉ်က အမြဲ အနိုင်ကျင့်နေတဲ့ မောင်နှမ နှစ် ယောက်ပဲ၊ မိုက်ခဲဟာ သူ့ကို အမြဲ အနိုင်ကျင့်တဲ့ လူငယ်နှစ် ယောက်ကို ရန်ငြိုးရန်စ ထားမှာ သေချာတယ်၊ မိခင်ကြီးဆုံးတဲ့အခါ မောင်နှမ နှစ် ယောက်ကို ရန်ငြိုးဖွဲ့ပြီး ရက်ရက် စက်စက် လုပ်ခဲ့တာ ဖြစ်မယ်"

ဟုပြောလေ၏။ ထိုအခါ စုံထောက်ဦးပေါ်ဦးက သက်ပြင်းချ၍

"ကျုပ်တို့ ပင်ပန်းလှပြီဗျာ၊ နောက်တစ်နေ့မှ ဆက်ဆွေးနွေးကြ မယ်၊ ခင်ဗျားတို့ အချက်အလက်တွေ က အလကားပဲ၊ ခင်ဗျားတို့ မြို့ခံ ဖြစ်ပြီး မိုက်ခဲ ဘယ်ပျောက်သွားလဲဆိုတာတောင် မသိဘူး"

ဟုဆိုကာ ပုလိပ်များ ကို အပြစ်တင်လိုက်ပြီး စုံစမ်းခြင်းကို ရပ်ဆိုင်းလိုက်လေ၏ ။

*

မမြနွယ်သည် ရေချိုးခန်းထဲရှိ ရေပန်းအောက်၌ ရေကို တစ်ဝကြီးချိုးလိုက်ပြီးနောက် မွေးပွတဘက်ကြီးကို ပတ်ကာ အိပ်ခန်းထဲသို့ ပြန်လည်ဝင်ရောက်လာ၏ ။

အိပ်ခန်းထဲရှိ အိပ်ရာပေါ်၌ ဖိမ်ယူနေသော သူမ၏ ယောက်ျား မောင်မောင်စိုးရှိနေ၏ ။

မောင်မောင်စိုးသည် အိပ်ရာပေါ်မှာ လှဲရင်း ရေချိုးခန်းထဲမှ ထွက်လာသော မမြနွယ်၏ ကိုယ်လုံးကိုယ်ပေါက်ကိုကြည့်ကာ အလွန် ပီတိ ဖြစ်နေမိ၏ ။

မမြနွယ်သည် အသက် (၃၅) နှစ် ရှိသော်လည်း အသက် နှစ်ဆယ်ကျော်အရွယ်ကဲ့သို့ အသားအရည် တင်းရင်းဆဲ ဖြစ်၏ ။ သူမ၏ သေးသွယ်သော ခါးနှင့် စွင့်ကားသော တင်သားများ မှာ ဆွဲဆောင်အား ကောင်းနေဆဲ ဖြစ်၏ ။

မမြနွယ်၏ မျက်နှာသည် အလွန် ချောမောလှပသည်ဟု မဆိုသာ သော လည်း ညို့ငင်အား အပြည့်ရှိ၏ ။ အထူးသဖြင့် သူမ၏ ထူအမ်း အမ်း နှုတ်ခမ်းများ ကို သူ အလွန် သဘောကျ၏ ။

မမြနွယ်သည် မှန်တင်ခုံရှေ့၌ ရေသုတ်နေရာမှ သူမကို ငေးကြည့်နေသော မောင်မောင်စိုးကိုမြင်တွေ့ သွားပြီး မပေါ်တပေါ် ဖြစ်နေသော အစိတ်အပိုင်းများ ကို တဘက်ဖြင့် ခြုံလိုက်ကာ

''ဟော့လူကြီး၊ ကိုယ့်မိန်းမကို ကိုယ်ပြန်ပေးနေရသလား၊ စိတ်ထိန်းပါဦး''

ဟုပြောလိုက်ရာ မောင်မောင်စိုးက ရယ်မော၍

''မထိန်းနိုင်တော့ဘူး မိန်းမရေ''

ဟုဆိုပြီး ခုတင်အနောက်သို့ ကိုယ်ခန္ဓာကိုယ်ရွှေ့၍ မမြနွယ်ကို လှမ်းဆွဲလိုက်၏။

ထိုအခါ မမြနွယ်၏ ကိုယ်ခန္ဓာကို မဆွဲမိဘဲ ခြုံထားသော တဘက်ပုဝါကြီးကို ဆွဲလိုက်မိ၏။

မမြနွယ်သည် အလန့်တကြားအော်ဟစ်၍ တဘက်ကို ပြန်လု ကာ မောင်မောင်စိုးရှိရာသို့ ပြိုလဲကျသွား၏။ သူတို့လင်မယား အတန် ကြာအောင် အချစ်နလံထနေပြီးမှ မမြနွယ်သည် တိုင်ကပ်နာရီကို ကြည့်၍

''ကျွန်မတို့ နောက်ကျနေပြီ၊ ပြေးမှ ဖြစ်မယ်၊ ယူနီဘာဆယ်က လောဘအိုးကြီး စောင့်နေလောက်ပြီ''

ဟုပြောလေ၏။ မောင်မောင်စိုးသည် ခုတင်ပေါ်မှ နာရီကို လှမ်းကြည့်ပြီး ရေချိုးခန်းထဲသို့ ပြေးဝင်သွားလေ၏။

မမြနွယ်သည် မှန်တင်ခုံရှေ့၌ ထိုင်၍ အလှဆုံး ဖြစ်အောင် ပြင်ဆင်လေ၏။

သူမ၏ ရုပ်ရည်ကို အစဉ်အမြဲ ချောမောလှပအောင် ဂရုစိုက် ၏။ သူမ၏ ယောကျ်ား မောင်မောင်စိုးသည် မိန်းမချော မိန်းမလှလေး များ နှင့်အစဉ်အမြဲ ထိတွေ့ဆက်ဆံနေရသော ဒါရိုက်တာတစ်ဦး ဖြစ်သဖြင့် သူမ၏ အလှကို ဂရုစိုက်ရခြင်း ဖြစ်၏။

ယနေ့ ယူနီဘာဆယ်ကုမ္ပဏီသူဌေး ဦးဘလေးနှင့်ဆုံတွေ့ ရမည့် အရေး

သည် အလွန် အရေး ပါ၏။ ဦးဘလေးက သူမ၏ အကြံအစည်ကို ခေါင်းညိတ်လက်ခံလိုက်လျှင် သမိုင်းတွင် မည်သည့် အခွင့်အရေး တစ်ခုကို သူတို့ လင်မယား နှစ် ယောက်စလုံး ရရှိနိုင်၏။

မမြနွယ်သည် အရေး ပိုင်သမီး ဖြစ်ပြီး အလွန် ချောမောလှသဖြင့် မြို့ပေါ်မှာ အလှဘုရင်မအ ဖြစ် နံမည် သတင်းကြီးခဲ့၏။

သူမသည် အရေး ပိုင်သမီးပီပီ အလွန် မာနကြီး၏။ မည် သည့် ယောက်ျားကိုမှ တူတန်သည် မထင်ချေ။

မာနကြီးလွန်းသော မမြနွယ်သည် နောက်ဆုံးနှစ် ကောလိပ် ကျောင်းပြီးသော အခါ ရည်းစားတစ်ယောက်မှ မရဘဲ မြို့သို့ ပြန်လာခဲ့ ၏။

ပင်စင်ယူကာနီးသော ဖခင်အရေး ပိုင်ကြီးသည် မမြနွယ်အား စက်သူဌေးတစ်ယောက်နှင့် လက်ထပ်ရန် စီစဉ်၏။

မမြနွယ်က စက်သူဌေးကို အင်္ဂလိပ်စကားဖြင့် ပြောဆို ကြည့်ရာ စက်သူဌေးမှာ စကားတုံ့ပြန် မပြောဆိုနိုင်သဖြင့် ပညာ မတတ်သော လူကို မယူလိုဟုဆိုကာ ငြင်းဆန်ခဲ့၏။

ထိုအခါ မိခင် ဖြစ်သူက မြို့ပိုင်တစ်ဦးနှင့် လက်ထပ်ရန် တိုက်တွန်းပြန်၏။ မမြနွယ်သည် မြို့ပိုင်ကို အကဲခတ်ကြည့်ပြန်ရာ ကွမ်းတပျစ်ပျစ် ထွေးပြီး အသားမည် းလှသဖြင့် မယူလိုဟု ငြင်းဆန် ပြန်၏။

ဤသို့ ဖြင့် မမြနွယ်သည် မိဘများ ပေးစားသော ယောက်ျား များ ကို တစ်ယောက်ပြီးတစ်ယောက် ငြင်းဆန်နေ၏။ နောက်ဆုံး၌ မိဘနှစ် ပါး ရှေ့ဆင်နောက်ဆင့် သေဆုံးသွားသော အခါ မမြနွယ်သည် စည်းစိမ်ဥစ္စာ များ စွာ ပိုင်ဆိုင်သော သူဌေးမလေးအ ဖြစ် ကျန်ရစ်ခဲ့၏။

မမြနွယ်သည် ထိုအချိန်မှပင် ယောက်ျားတစ်ယောက်ကို

အားကိုးချင်စိတ်များ ဖြစ်ပေါ်လာ၏ ။

သူမ သေဆုံးသော အခါ ငှက်ပျောတုံးဖက်ပြီး သေရမှာ ကို ကြောက်လာ၏ ။ ထိုအချိန်၌ ဒါရိုက်တာမောင်မောင်စိုးနှင့် တွေ့ ဆုံခြင်း ဖြစ်၏ ။ မောင်မောင်စိုး ခေါင်းဆောင်သော ရုပ်ရှင်အဖွဲ့သည် သူတို့ မြို့မှာ ရုပ်ရှင်လာရိုက်ရင်း ညှော်ခံပွဲတစ်ခုမှာ မမြနွယ်နှင့်တွေ့ ဆုံခဲ့၏ ။

မောင်မောင်စိုးသည် မမြနွယ်ကို စည်းစိမ်ချမ်းသာ ကြွယ်ဝ သော သူဌေးမမှန်း သိသော အခါ နှစ်သက် စွဲလန်းသွား၏ ။

မောင်မောင်စိုးသည် မမြနွယ်ထက် အသက်များ စွာကြီးသော် လည်း ရုပ်ရှင်အသိုင်းအဝိုင်းမှ ဖြစ်သဖြင့် မိမိကိုယ်မိမိ ခေတ်မီအောင် ပြင်ဆင်တတ်၏ ။

မမြနွယ်သည် မောင်မောင်စိုးကို အထင်ကြီးပြီး သူ၏ မေတ္တာကို လက်ခံခဲ့လေ၏ ။

မောင်မောင်စိုးနှင့် လက်ထပ်ပြီး ရန်ကုန်မြို့ရောက်သော အခါ မှပင် မောင်မောင်စိုးမှာ ယခင်က မယားတစ်ယောက်ရှိမှန်း သိလိုက် ရ၏ ။

သို့ သော် ပေါက်သည့်နဖူးမထူးတော့ပြီ ဖြစ်သဖြင့် မောင်မောင်စိုး ကို နှစ်သက် စွာပေါင်းသင်း၏ ။

မောင်မောင်စိုးသည် မိန်းမကျမ်းကျေသူ ဖြစ်သဖြင့် အပျိုကြီး မမြနွယ်သည် အိမ်ထောင်စောစောမပြုရခြင်းကိုပင် နောင်တကြီးစွာ ရမိ၏ ။

မောင်မောင်စိုးသည် မမြနွယ်နှင့်လက်ထပ်ပြီး ရန်ကုန်သို့ ရောက်သော အခါ ရုပ်ရှင်ကားများ ကို ဆက်လက်ရိုက်ကူး၏ ။ သို့ သော် ကံဆိုး မိုးမှောင်ကျစွာပင် မောင်မောင်စိုး ရိုက်ကူးသော ရုပ်ရှင်များ မအောင် မမြင် ဖြစ်ခဲ့၏ ။

နောက်ပိုင်းတွင် မမြနွယ်၏ စည်းစိမ်ဥစ္စာများ ကို အသုံးပြု၍

စိတ်တိုင်းကျ ကားများ ရိုက်ကူးသော အခါ သူ၏ ဇာတ်ကားများ ပြန်လည်အောင်မြင်လာ၏ ။

သူတို့လင်မယား၏ အိမ်ထောင်ရေး အခြေအနေလည်း များ စွာ ကောင်းမွန်ခဲ့၏ ။

*

# အခန်း (၃)

ယူနီဗာဆယ်သူဌေး ဦးဘလေးသည် မောင်မောင်စိုးတို့လင် မယားအား အင်းလျားလမ်းခြံကြီး၌ လက်ခံတွေ့ ဆုံ၏။

ယူနီဘာဆယ်သူဌေးသည် မောင်မောင်စိုးပြောသမျှကို နားစိုက် ထောင်ပြီး စကားဆုံးသော အခါ ခေါင်းခါယမ်း၍

''မ ဖြစ်နိုင်ဘူး၊ ဒီလိုကားမျိုးကို အင်္ဂလိပ်အစိုးရ လက်ခံမှာ မဟုတ်ဘူး၊ ကျုပ် အစိုးရနဲ့ ပြဿနာမ ဖြစ်ချင်ဘူး၊ မောင်ရင်တို့ ပြန်ပါတော့''

ဟု မောင်းထုတ်လေ၏။

မောင်မောင်စိုးသည် ဦးဘလေးကိုကြည့်၍

''စိတ်ရှည်ရှည်ထားစမ်းပါ၊ ဒီကားဟာ သမိုင်းဝင်အကြောင်း အရာကို ရိုက်ကူးမှာ ပဲ၊ မျိုးချစ်စိတ်တွေ ၊ တော် လှန်ရေး တွေ မပါဘူး၊ ဒီကားမျိုးကို အင်္ဂလိပ်တွေ လဲ ရိုက်ကူးတယ်၊ သမိုင်းဝင်အ ဖြစ်အပျက် တွေ ကို သူတို့ သိပ်ကြိုက်တယ်''

ဟု ပြောလေ၏။ ဦးဘလေးက သက်ပြင်းချ၍

''ကျုပ်ကို သခင်တွေ ၊ ဝံသာနုတွေ က ဖိအားပေးဦးမယ်၊ ကျုပ် ခေါင်းမရှုပ်ချင်ဘူး''

ဟု ငြင်းဆန်ပြန်၏။ မမြနွယ်က ဝင်ရောက်၍

''ကောလိပ်မှာ တုန်းက ကျွန်မ ရာဇဝင်ကို ယူထားတာ၊ ရာဇဝင်ဘက်ဆိုင်ရာ အချက်အလက်တွေ ပြဿနာမ ဖြစ်အောင် ကျွန်မ တာဝန်ထားပါ၊ ဒီကားရိုက်ဖို့ ကျွန်မပဲ အကြံပေးတာပဲ၊ ဦးလေး အောင်မြင်မှာ သေချာတယ်၊ ငွေတွေ လဲ အများ ကြီးရမယ်''

ဟု ပြောလေ၏။ ယူနီဘာဆယ်သူဌေးသည်

''ငွေတွေ လဲရမယ်''

ဟူသော စကားကြောင့် မျက်လုံးများ ဝင်းလက်သွားပြီး

''မင်းတို့အကြံက သိပ်ကြီးတယ်၊ ကျုပ်စဉ်းစားချင်တယ်''

ဟုပြောလေ၏။ မောင်မောင်စိုးက သက်ပြင်းချ၍

''မစဉ်းစားပါနဲ့၊ အခုပဲ အဖြေပေးလိုက်ပါ၊ ကျုပ်တို့မှာ အချိန် တွေ ငွေတွေ အများ ကြီးလိုတယ်၊ နောက်ပြီးတော့ ဒီသတင်းက ပေါက် ကြားလို့မဖြစ်ဘူး၊ အစိုးရပိုင်းက လူတွေ ကို ဒီကားရဲ့ဇာတ်ညွှန်းကို အရင်ပြပြီး အကြံဝဏ်တောင်းကြည့်ရမယ်''

ဟုပြောလေ၏။ ထိုအခါ မမြနွယ်က ဝင်ရောက်၍

''ဦးလေး စဉ်းစားကြည့်ပါ၊ ကျွန်မတို့ပေးတဲ့အကြံဉာဏ်တွေ က ဦးလေးအတွက် အကျိုး ဖြစ်တာပဲမဟုတ်လား၊ ရာဇဝင်ဇာတ်ကား ရိုက်ကူးဖို့ အကြံဉာဏ်ကို ဘယ်သူပေးတာလဲ၊ ရုပ်ရှင် စတူဒီယိုကို ဆောက်ဖို့ အကြံဉာဏ်ကိုလဲ ဘယ်သူပေးတာလဲ၊ စတူဒီယိုကို ဦးလေး စောစောဆောက်လို့ ငွေတွေ ဘယ်လောက်ရလိုက်သလဲ၊ ရာဇဝင်ဇာတ် ကားတွေ ရိုက်ပြီး ယူနီဘာဆယ်ကုမ္ပဏီ ဘယ်ထောက်သိက္ခာတက် ခဲ့သလဲ''

ဟုပြောလိုက်ရာ သူဌေးဦးဘလေးသည် တွေ ဝေသွားလေ၏။ ထို့နောက် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး

''ဒီတစ်ညတော့ စဉ်းစားခွင့်ပြုပါကွာ၊ ငါ့တူမ မနှင်းဆီနဲ့ တိုင်ပင်ပြီးရင် ငါအဖြေပေးပါ့မယ်၊ ယူနီဘာဆယ်မှာ မနှင်းဆီ အရေး ပါတယ် ဆိုတာ မင်းတို့သိပါတယ်၊ ရာဇဝင်ဇာတ်ကားတွေ ရိုက်ပြီး ငါပိုက်ဆံတွေ အများ ကြီးရလိုက်တာ မင်းတို့ကျေးဇူးပါ''

ဟုပြောလေတော့၏။ မောင်မောင်စိုးတို့ လင်မယားသည် ဦးဘလေးသူတို့ အကြံကို လက်ခံတော့မည် ဟု ရိပ်စားမိသွား၏။

လွန်ခဲ့သော နှစ် က သူတို့လင်မယား၏ အကြံဉာဏ်ကိုလက်ခံ၍ ဦးဘလေး အောင်မြင်မှု များ စွာရရှိခဲ့၏။

*

လန်ဒန်အက်နှင့် မြန်မာဆွေ ကုမ္ပဏီကြီးများ က ခေတ်ပေါ် ကားများ ရိုက်၍ ရုပ်ရှင်လောကၣ္ဖ မင်းမူထားချိန်၌ ရှေးဟောင်း ဇာတ်နိပါတ်တော် က ဇာတ်လမ်းများ ကို ရိုက်ကူးရန် အကြံအစည်အား မောင်မောင်စိုးက ယူနီဘာဆယ် သူဌေး ဦးဘလေးကို ပြောလိုက်၏။

ဦးဘလေးသည် မောင်မောင်စိုး၏ စကားကို နားထောင်ပြီး ၎င်း၏ ကုမ္ပဏီမှ ဇာတ်သဘင်များ ၌ စင်တင်ပြသလေ့ရှိသော ရှေးနိပါတ်တော် က ဇာတ်လမ်းများ ကို ရိုက်ကူးခဲ့လေ၏။

ထိုအခါ ပရိသတ်များ အထူးနှစ် ခြိုက်သဘောကျပြီး ဝင်ငွေများ စွာ ရရှိခဲ့လေ၏။

ထို့ပြင် ဗြိတိသျှဘားမား ရုပ်ရှင်မှ တာမွေဘက်၌ ရုပ်ရှင် စတူဒီယို ကြီးတစ်ခုကို တည်ဆောက်ရန် ကြံစည်နေစဉ်မှာ ပင် မောင်မောင်စိုး၏ အကြံပေးချက်အရ ယူနီဘာဆယ်၏ စတူဒီယိုကို ကုက္ကိုင်းဘက်၌ တည်ဆောက်နိုင်ခဲ့၏။ စတူဒီယို ဆောက်ပြီးနောက် ယူနီဘာဆယ်၏ ဇာတ်ကားများ ပိုမိုပီပြင်လာ၏။ ယူနီဘာဆယ် စတူဒီယိုအတွင်း ၊ မြန်မာမှုအနုပညာများ ကို လုပ်ခလစာပေး၍ ခန့်ထားလေ၏။

ထို့အပြင် ဇာတ်ဝင်ခန်း ဆက်တင်များ ၌ အသုံးပြုရန် လက်သမားဆရာ၊

ပန်းရံဆရာ၊ ပန်းချီပညာရှင် စသည်ဖြင့် စုံလင်အောင် ခန့်ထားလေ၏ ။

ထို့အပြင် ဇာတ်နိပါတ်တော် လာ ဇာတ်လမ်းများ ၌ ပါဝင်သည့် နတ်သိကြားနှင့် မင်းညီမင်းသားအဝတ်အစားများ မင်းမြောက်တန်ဆာ များ ကို ရှေးခေတ်ဝတ်စုံချုပ်လုပ်သူပညာရှင်များ ၊ ရွှေချည်ထိုးပညာ ရှင်များ ကစီမံပေးလေ၏ ။

ထိုကြောင့် ယူနီဘာဆယ်ကုမ္ပဏီမှ တင်ဆက်သော ရှေးဇာတ် နိပါတ်တော် ဇာတ်လမ်းများ မှာ အထူးပီပြင်ပြီး အောင်မြင်မှုရရှိခဲ့လေ၏ ။

ယူနီဘာဆယ်ကဲ့သို့ ကြီးကျယ်သော စတူဒီယိုကြီးကို တည် ဆောက်ခဲ့သော ဗြိတိသျှဘားမားရုပ်ရှင်မှာ းလည်း ရှေးခေတ် ရာဇဝင် ဇာတ်ကားများ နှင့် အထူးပင် အောင်မြင်ခဲ့လေ၏ ။

*

ဒါရိုက်တာ မောင်မောင်စိုးသည် ဇနီး ဖြစ်သူ မမြနွယ်ကို အိမ်သို့ ပြန်လည်ပို့ဆောင်ပြီးနောက် သူ၏ ကားလေးသည် ဘုံဘေ ရက်စတောရင့်သို့ ဦးတည်သွားလေ၏ ။ ဘုံဘေရက်စတောရင့် ဘိလိယက်ခန်း၌ မောင်မောင်စိုး ဘိလိယက်ထိုးလေရှိ၏ ။

မောင်မောင်စိုးသည် ငယ်စဉ်က တောအငြိမ့်အဖွဲ့၌ အငြိမ့် လူရွှင်တော် ဖြစ်လာခဲ့၏ ။ လူရွှင်တော် ဘဝမှ စာဖတ်ဝါသနာပါသော မောင်မောင်စိုးသည် စာရေး ဆရာ ဖြစ်ရန် ကြိုးစားခဲ့၏ ။ သူသည် ဆရာကြီး ပီမိုးနင်း၊ ဆရာကြီး ရွှေဥဒေါင်း စသော ဆရာကြီး များ ကို လွန်စွာအာကျ၏ ။

တစ်နေ့တွင် နိုင်ငံကျော်စာရေး ဆရာကြီး ဖြစ်မည် ဟု ရည်မှန်း ချက်ထား၏ ။

သူသည်အငြိမ့်ဖွဲ့မှ ထွက်ခွါပြီး ရန်ကုန်မြို့သို့ ထွက်ခဲ့၏ ။ ရန်ကုန်မြို့ရှိ စာရေး ဆရာအသိုင်းအဝိုင်း၌ ကျင်လည်ပြီး စာရေး ဆရာ ဖြစ်ရန် ကြိုးစား၏ ။

သို့ သော် စာရေး ဆရာ ဖြစ်ရန် သူထင်သလို မလွယ်ကြောင်း တွေ့ရ၏ ။ နောက်ဆုံး၌ သူကြီးဂေဇက်သတင်းစာ၌ အပျော်တမ်း သတင်းထောက်အဖြစ် ဝင်ရောက်လုပ်ကိုင်၏ ။

ထိုသို့ လုပ်ကိုင်ရင်း ရုပ်ရှင်လောက၏ သတင်းများ ကို ရယူပြီး ဒါရိုက်တာပိုးဝင်ခဲ့၏ ။

သူသည် ရုပ်ရှင်ခြံကြီးများ ၌ အောက်ခြေသိမ်းအလုပ်သမား လုပ်ခဲ့ရ၏ ။ ထိုသို့ လုပ်ကိုင်ရင်း ဒါရိုက်တာကြီးများ ကို အောက်ကျို့ ပေါင်းသင်းပြီး သူ၏ ဇာတ်ညွှန်းကလေးများ ကို အသုံးပြုရန်ကြိုးစား ရလေ၏ ။

ကံကောင်းထောက်မစွာပင် သူ၏ ပထမဦးဆုံးဇာတ်ညွှန်း ရွှင်ပျော်ပျော် ဇာတ်ကားမှာ အောင်မြင်သွားခဲ့၏ ။ သူ၏ ဇာတ်ညွှန်းကို ရုပ်ရှင်ကုမ္ပဏီကြီးများ က သတိပြုမိသွားလေ၏ ။

ထိုအချိန်မှစ၍ ဇာတ်ညွှန်းများ မနားမနေ ရေး ပေးရ၏ ။ ထိုမှ တဆင့် ရုပ်ရှင်ဒါရိုက်တာဘဝသို့ တက်လှမ်းခဲ့လေ၏ ။ ဒါရိုက်တာဘဝ ၌ လက်ဖျားငွေသီးသော အခါ မောင်မောင်စိုး၏ ငတ်လျှိုးကွယ် ပျောက်နေသော ဗီဇဆိုးပေါ်လာ၏ ။

ထိုဗီဇမှာ မိန်းမလှများ နှင့် ရှုပ်ပွေတတ်သော ဗီဇပင် ဖြစ်၏ ။ မောင်မောင်စိုးသည် ဒါရိုက်တာဘဝဖြင့် ကောလိပ်ကျောင်းသူ တစ်ဦးကို လက်ထပ်ယူခဲ့၏ ။ သူတို့နှစ် ဦး ငါးနှစ် မျှ ပေါင်းသင်းပြီး နှစ် ဦးသဘောတူ ကွာရှင်းခဲ့ရ၏ ။

မောင်မောင်စိုးသည် ထိုအချိန်မှစ၍ အတည်တကျ မိန်းမမယူ ဘဲ ပွေရှုပ်နေလေ၏ ။ ရုပ်ရှင်ဝါသနာပါသော မိန်းမလှမှန်လျှင် မောင်မောင်စိုးနှင့်

လွတ်ကင်းသူရှားလှ၏။ နောက်ဆုံး၌ သူဌေးမ မမြနွယ်နှင့် တွေ့ မှအတည်တကျ လက်ထပ်ခဲ့ခြင်း ဖြစ်၏။

မမြနွယ်သည် ချောမောလှပသည့်အပြင် ငွေကြေးချမ်းသာ ကြွယ်ဝသည် မဟုတ်ပါလား။

ဘုံဘေရစ်စတော့ရင့်၌ မောင်မောင်စိုး ဘိလိယက်ထိုးနေစဉ် ရက်စတော့ရင်မှ လူငယ်လေးတစ်ဦး မောင်မောင်စိုးအနီးသို့ ရောက် လာပြီး ဖုန်းလာကြောင်း ပြောလေ၏။

မောင်မောင်စိုး ဖုန်းသွားကိုင်သော အခါ သူနှင့်ရှုပ်ပွေနေသော မင်းသမီး မေသန်းထံမှ ဖြစ်၏။ မေသန်းသည် ဖုန်းထဲတွင် ပြုံတုတု အသံဖြင့်

''ရှင်နဲ့သိပ်တွေ့ ချင်နေပြီ၊ အမြန်ဆုံးလာခဲ့နော်''

ဟုပြောလေ၏။

မောင်မောင်စိုးသည် မေသန်း၏ အသံကိုကြားသည်နှင့် တစ်ပြိုင် တည်း ခွန်အားများ ဝင်ရောက်လာသလို ခံစားရ၏။

မေသန်းသည် အလွန် အောင်မြင်ကျော်ကြားပြီး အလွန် ရှုပ်ပွေ သူ ဖြစ်၏။

မေသန်း၏ အနီး၌ ယောက်ျားတစ်ယောက် အမြဲတမ်းရှိနေ၏။ မေသန်းသည် မည် သည့်ယောက်ျားကိုမျှ အတည်တကျ လက်ထပ် ခြင်း မရှိချေ။

ယောက်ျားတစ်ယောက်နှင့် လက်ထပ်ရမှာ လောက် ပျင်းစရာ ကောင်းတာမရှိဟူသော စကားသည် သူမ၏ လက်သုံးစကား ဖြစ်၏။

မောင်မောင်းစိုးသည် မေသန်းနေထိုင်ရာ အင်းစိန်ဘက်သို့ ကားကို မောင်းလေ၏။ မေသန်းသည် အင်းစိန်ခဝဲခြံထဲ၌ ခြံကြီးတစ် ခြံကို ပိုင်ဆိုင်၏။

ထိုခြံကြီးထဲ၌ ဝါးရုံပင်ကြီးများ ရှိပြီး မေသန်းသည် သူမနှင့်

ပွဲရှုပ်သူများ ကို လှို့ဝှက်တွေ့ ဆုံသော နေရာ ဖြစ်သည်။

မောင်မောင်စိုး ခြံကြီးထဲသို့ ရောက်သော အခါ မေသန်းက မခို့တရိုပြုံး၍ ကြိုဆိုနေပြီး

'' ရှင့်အတွက် နွားနို့နဲ့ ကြက်ဥသုံးလုံးပြုတ်ထားတယ်၊ ပြီးရင် ကြက်ပေါင်းရည်လဲသောက်ရမယ် ''

ဟု တီးတိုးပြောလိုက်လေတော့၏ ။

*

လူသတ်မှုတရားခံ မိုက်ခဲသည် မြို့ကလေးမှ ခြေရာဖျောက်ပြီး ထွက်ခဲ့၏ ။ ဘူတာရုံသို့ သွားပြီး ရထားတစ်စီးကို ခိုးစီးကာ မြို့များ တစ်မြို့ ပြီးတစ်မြို့ ကျော်ဖြတ်ခဲ့၏ ။

ရထားပျက်သော အခါမှပင် ကုန်တွဲ ပေါ်မှ ခုန်ဆင်း၍ အနီး ဆုံးမြို့ သို့ သွား၏ ။

သူ့မှာ ပိုက်ဆံများများ စားစားမရှိ ထမင်းစားဖို့ အလုပ်လုပ်မှ ဖြစ်မည် ။ မြို့တစ်နေရာ၌ ခပ်စုတ်စုတ် ဆံပင်ညှပ်ဆိုင်ကို တွေ့ ရသော အခါ မျှော်လင့်တကြီးဖြင့် အလုပ်ဝင်တောင်း၏ ။

အရက်ပုလင်းထောင်နေသော ဆံပင်ညှပ်ဆရာက

'' ဆံပင်ညှပ်တတ်သလား ''

ဟု မေးမြန်းလေ၏ ။ မိုက်ခဲက ရင်ကိုကော့၍

'' သိပ်ပြီးညှပ်တတ်တာပေါ့ ''

ဟု ဖြေလေ၏။ ငယ်စဉ်က ဆံပင်ညှပ်ဆိုင်တစ်ဆိုင်မှာ တောက်တိုမယ်ရ အလုပ်လုပ်ရင်း ဆံပင်ခိုးညှပ်ခဲ့ဖူး၏။ ဆံပင်ညှပ် ဆရာသည် မိုက်ခဲ၏ လက်ရာကို စမ်းသပ်သည့်အနေဖြင့် သူ၏ ခေါင်းကို ဦးစွာညှပ်ခိုင်း၏။

မိုက်ခဲ လက်စွမ်းပြပြီးသော အခါ ဆံပင်ညှပ်ဆရာသည် သူ၏ ဦးခေါင်းကို စိတ်ပျက်လက်ပျက်ကြည့်လိုက်ပြီး

'' သိပ်ညံ့တယ် ဒါပေမဲ့ ငါ့ဆိုင်မှာ အလုပ်ပေးနိုင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ငါဆိုင်မှာ လာညှပ်တဲ့သူအားလုံးခပ်ညံ့ညံ့ပဲ ကြိုက်ကြတယ်၊ မင်းနဲ့အံကိုက်ပဲပေ့ါကွာ ''

ဟု ပြောလေ၏။ ဆံပင်ညှပ်ဆရာသည် မိုက်ခဲအားလုပ်ခလစာ တစ်ပြားမှမပေးဘဲ အလုပ်ခန့်လိုက်၏။ ထိုကြောင့် ဆံပင်ညှပ်ဆရာကို ရှည်ရှည်ဝေးဝေး စောတကမတက်ဘဲ အလုပ်ဝင်ခဲ့၏။

မိုက်ခဲသည် နေစရာ စားစရာရလျှင် ကျေနပ်သည့် လူမျိုး ဖြစ်၏။ မိုက်ခဲသည် ဆံပင်ညှပ်သမားလုပ်ရင်း သတင်းစာများ ကို နေ့စဉ်ရှာဖတ်၏။ ထိုအခါ သတင်းစာများ ၌ မိမိကျူးလွန်ခဲ့သော လူသတ်မှုအကြောင်းကို နေ့စဉ် အကျယ်တဝင့် ရေး သားနေကြောင်း တွေ့ ရ၏။ သူကြီးဂေဇက် သတင်းစာကြီးက

'' နှစ် လောင်းပြိုင်လူသတ်မှု တရားခံဘယ်မှာ လဲ ''

ဟူသော စာလုံးမည် းကြီးဖြင့်ဖော်ပြ၏။ မြန်မာ့အလင်းသတင်း စာကမူ

'' အင်းစိန်စီအိုင်ဒီကို စိန်ခေါ်သည့် မိုက်ခဲ ''

ဟု ခေါင်းစီးတပ်ထား၏။ သတင်းစာများ အားလုံးက နှစ် လောင်းပြိုင်လူသတ်မှု၌ ပျောက်ဆုံးနေသော မွေးစားသား မိုက်ခဲသည် တရားခံ ဖြစ်နိုင်ကြောင်း ဖော်ပြထား၏။

သံတော် ဆင့်သတင်းစာက လူသတ်သမားသည် လွန်စွာရက်

စက်ကြမ်းကြုတ်သူ ဖြစ်နိုင်ကြောင်း ဝေဖန်ရေး သားထာ၏ ။

မိုက်ခဲသည် သတင်းစာထဲမှ ရေး သားချက်ကိုကြည့်၍

'' ခင်ဗျားတို့ အားလုံးမှာ းနေပြီ ကျုပ်က ရက်စက်ကြမ်းကြုတ် သူ မဟုတ်ဘူး လိမ္မာယဉ်ကျေးတဲ့သူဗျ၊ ဒီလူတွေ က သေသင့်လို့ သေကြရတာ သူတို့ကို သဘာဝ တရားကြီးရဲ့ကိုယ်စား ကျုပ်က အပြစ်ဒါဏ်ခတ်ပေးလိုက်တာ၊ ကျုပ်က လူဆိုးလူမိုက်မဟုတ်ဘူး သဘာဝ တရားကြီးရဲ့ ကိုယ်စားလှယ်အစစ်ပဲဗျ၊ ရိုင်းပျလွန်းတဲ့ မောင်နှမနှစ် ယောက်ကိုသဘာဝ တရားကြီးရဲ့ကိုယ်စားကျုပ် ဒဏ်ခတ် ပေးလိုက်တာ သူတို့ကြောင့် ကျုပ်ကိုကျုပ်ရွံ့မုန်းပြီးလူ တောမတိုး ဝံ့တဲ့ဘဝ ရောက်ခဲ့ရတာ ဗျ၊ ခင်ဗျားတို့ဘာသိလို့လဲ ''

ဟု တစ်ကိုယ်တည်း ပြောဆိုရင်း မိမိ၏ သတင်းဖော်ပြထား သော သတင်းစာများ ကို တရိုတသေသိမ်းဆည်းထားလေ၏ ။

မိုက်ခဲသည် စီအိုင်ဒီစုံထောက်အဖွဲ့မှ တရားခံကို မကြာမီ ဖမ်းပေးမည် ဖြစ်ကြောင်း ပြောဆိုသည်ကိုဖတ်၍ တက်ခေါက်လိုက်ပြီး

'' ဖမ်းလို့ရရင်လာဖမ်းဗျာ ပညာချင်းပြိုင်ရအောင် ''

ဟု ကြုံးဝါးလိုက်လေတော့၏ ။

*